# အသည်းရောင် ရောဂါ (စီ) - 1. သင် သိရန်လိုအပ်သည့် အရာ

1.1 အသည်းရောင်ရောဂါ (စီ) ဆိုသည်မှာ ဘာလဲ။
1.2 အသည်းရောင်ရောဂါ (စီ) သည် အသည်းရောင် ရောဂါ (အေ) နှင့် (ဘီ) တို့နှင့်အတူတူ ဖြစ်ပါသလား။
1.3 အသည်းရောင်ရောဂါ (စီ) ကို သင် မည်ကဲ့သို့ ရရှိ မည်နည်း။
1.4 အသည်းရောင်ရောဂါ (စီ) သည် ဘာကိုလုပ် ပါသလဲ။
1.5 အသည်းရောင်ရောဂါ (စီ) ကို စစ်ဆေးခြင်း
1.6 အသည်းရောင်ရောဂါ (စီ) နှင့် ကိုယ်ရေးကိုယ်တာ ကျန်းမာရေး
1.7 အသည်းရောင်ရောဂါ (စီ) အတွက် ကုသမှု
1.8 လူမှုအသိုင်းအဝိုင်းအတွင်း အသည်းရောင်ရောဂါ (စီ) ကို တားဆီးခြင်း
1.9 ပံ့ပိုးပေးမှုနှင့် နားလည်မှု
1.10 ပိုမိုသိရှိရန် အချက်အလက်များ

## 1.1 အသည်းရောင်ရောဂါ (စီ) ဆိုသည်မှာ ဘာလဲ။

'Hepatitis' ဆိုသည့်စကားလုံးမှာ အသည်း ရောင်ခြင်းကို ဆိုလိုသည်။ ဤရောင်ခြင်းမှာ ဓါတုပစ္စည်းများ၊ ဆေးဝါးများ၊ အရက် အလွန်အကျွံ သောက်သုံးခြင်း သို့မဟုတ် ဗိုင်းရပ်စ်ပိုးများကြောင့် ဖြစ်ပွားနိုင်ပါသည်။ အသည်းရောင်ရောဂါ (စီ) (HCV)၊ သို့မဟုတ် "hep C" မှာ အသည်းရောင်ရောဂါ (စီ) ဗိုင်းရပ်စ်ပိုး (စီ) ကြောင့် ဖြစ်ပွားပါသည်။

## 1.2 အသည်းရောင်ရောဂါ (စီ) သည် အသည်းရောင်ရောဂါ (အေ) နှင့် (ဘီ) တို့နှင့် တူပါသလား။

အသည်းရောင်ရောဂါ (အေ)၊ အသည်းရောင်ရောဂါ (ဘီ) နှင့် အသည်းရောင်ရောဂါ (စီ) အားလုံးတို့သည် အသည်းရောင်ခြင်းကို ဖြစ်ပွားစေနိုင်သော မတူကွဲပြားသည့် ဗိုင်းရပ်စ်များ ဖြစ်ကြပါသည်။ ဗိုင်းရပ်စ် တစ်ခုစီသည် မတူကွဲပြားသည့် နည်းလမ်းများဖြင့် ကူးစက်ကြပါသည်။ သင်သည် အသည်းရောင်ရောဂါ (အေ) နှင့် အသည်းရောင်ရောဂါ (ဘီ) တို့အတွက် ကာကွယ်ဆေး ထိုးထားနိုင်သော်လည်း အသည်းရောင်ရောဂါ (စီ) ကို တားဆီးရန် ကာကွယ်ဆေး မရှိသေးပါ။ တစ်ချိန်တည်းတွင် အသည်းရောင်ရောဂါ ဗိုင်းရတ်စ် အမျိုးမျိုးကို ရရှိရန် ဖြစ်နိုင်ပါသည်။

ဩစတြေးလျနိုင်ငံနှင့် ကမ္ဘာတစ်ဝန်း၌ လူ အယောက် 100 တိုင်းလျှင် ခန့်မှန်းခြေ 1 ယောက်သည် အသည်းရောင်ရောဂါ (စီ) ရှိသည်၊ လူအများအပြားမှာ ၎င်းတို့တွင် ရောဂါရှိနေကြောင်း မသိကြပါ။ လူတော်တော်များများသည် အသည်းရောင်ရောဂါ (စီ) ရှိနေလျက်နှင့် ၎င်းရောဂါရှိကြောင်းမသိရှိနိုင်ကြပါ။ အဘယ်ကြောင့်ဆိုသော် ရောဂါလက္ခဏာ ပေါ်လာရန်အတွက် နှစ်အတန်ကြာ ကြာနိုင်သောကြောင့် ဖြစ်ပါသည်။

## 1.3 အသည်းရောင်ရောဂါ (စီ) ကို သင် မည်ကဲ့သို့ ရရှိမည်နည်း။

အသည်းရောင်ရောဂါ (စီ) ရှိသည့်လူတစ်ဦးထံမှ သွေးသည် အခြားလူတစ်ဦး၏ သွေးကြောအတွင်း ဝင်ရောက်သည့်အခါ အသည်းရောင်ရောဂါ (စီ) ကူးစက်ပါသည်။ ၎င်းကို သွေးမှ-သွေးသို့ ကူးစက်ခြင်းဟု ခေါ်ပါသည်။ မြင်ရန်အလွန်သေးသည့် ပမာဏရှိသော သွေးပင်လျှင် ဗိုင်းရပ်စ်ပိုးကို ကူးစက်နိုင်ပါသေးသည်။ အသည်းရောင်ရောဂါ

(စီ) မည်ကဲ့သို့ ကူးစက်ကြောင်းနှင့် ပတ်သက်သည့် လွဲမှားသည့် အယူအဆ အများအပြား ရှိသောကြောင့် အောက်ပါတို့ကို သတိပြုရန် အရေးကြီးပါသည်-

သင့်အနေဖြင့် အသည်းရောင်ရောဂါ (စီ) ရရှိနိုင်ရန်

ကြီးမားသော အန္တရာယ်

- ပိုးသတ်မထားသော ဆေးဖက်ဆိုင်ရာကုထုံးများ သို့မဟုတ် သွားဖက်ဆိုင်ရာ ကုထုံးများနှင့် အရေပြားကို ဖောက်၍ လုပ်ကိုင်သည့် ရိုးရာ ဆေးကုသလုပ်ထုံးများ။ နိုင်ငံ အမြောက်အမြားတွင် ဤနည်းမှာ အသည်းရောင်ရောဂါ (စီ) ကူးစက်ခံရသည့် အဖြစ်အများဆုံး နည်းလမ်း ဖြစ်ပါသည်။ ဩစတြေးလျနိုင်ငံတွင် သွေးသွင်းမှု၊ ကာကွယ်ဆေးထိုးခြင်းများနှင့် ဆေးဖက်ဆိုင်ရာ ကုထုံးများသည် လုံခြုံဘေးကင်းပါသည်။
- စတီးရှိုက်များ အပါအဝင်ဖြစ်သော တစ်စုံတစ်ယောက်၏ ဆေးထိုးပစ္စည်းကိရိယာကို ပြန်လည်အသုံးပြုခြင်း – သည်အရာသည် ဩစတြေးလျနိုင်ငံတွင် အသည်းရောင်ရောဂါ (စီ) အကူးစက်အခံရဆုံး နည်းလမ်းဖြစ်သည်။
- ပိုးသတ်မထားသော ဆေးမှင်ထိုးခြင်း သို့မဟုတ် ကိုယ်ခန္ဓာအလှဆင်ထိုးဖောက်ခြင်း။

နည်းပါးသော အန္တရာယ်

- ကျန်းမာရေး ဝန်ထမ်းများအနေဖြင့် မတော်တဆ ဆေးထိုးအပ်ထိုးမိသည့် ဒဏ်ရာများ။
- အကယ်၍ မိခင်တွင် အသည်းရောင်ရောဂါ (စီ) ရှိလျှင် ကိုယ်ဝန်ဆောင်စဉ် သို့မဟုတ် ကလေးမွေးဖွားစဉ် မိခင်မှ ကလေးသို့ ကူးစက်ကောင်း ကူးစက်နိုင်သည်။
- 1990 ခုနှစ် မတိုင်မီထိ ဩစတြေးလျနိုင်ငံရှိ သွေးသွင်းနည်း
- မုတ်ဆိတ်ရိတ်ဓါး သို့မဟုတ် သွားပွတ်တံကဲ့သို့သော သွေးပေကျံနေသည့် တစ်စုံတစ်ယောက်၏ ကိုယ်ရေးကိုယ်တာသုံးပစ္စည်းများကို ပြန်လည်အသုံးပြုခြင်း။
- လိင်ဆက်ဆံစဉ် သွေးမှသွေးသို့ ထိတွေ့မှု။
- အများပြည်သူပိုင်နေရာများမှ စွန့်ပစ်ထားသည့် မူးယစ် ဆေးထိုးအပ်များမှ မတော်တဆစူးမိသည့် ဒဏ်ရာများ။

အသည်းရောင်ရောဂါ (စီ) သည် ကမ္ဘာတစ်ဝန်းလုံးတွင် နိုင်ငံတိုင်း၌ ရှိကြပါသည်။ ဩစတြေးလျနိုင်ငံ၊ သင်မွေးဖွားရာနိုင်ငံနှင့် အခြား နိုင်ငံများအားလုံးတွင် အန္တရာယ်ရှိကြပါသည်။

သင်သည် အောက်ပါတို့မှ အသည်းရောင်ရောဂါ (စီ) ကို **မရရှိနိုင်ပါ** -

- ရေအိမ်သာများကို အတူသုံးစွဲခြင်း
- စားရန် အသုံးဆောင်ပစ္စည်းများ သို့မဟုတ် သောက်ရန် ဖန်ခွက်များ
- ချောင်းဆိုးခြင်း၊ နှာချေခြင်း၊ နမ်းခြင်း သို့မဟုတ် ပွေ့ဖက်ခြင်း
- ရေကူးကန်များ
- ခြင်ကိုက်ခြင်း သို့မဟုတ် အခြား ပိုးမွှားကိုက်ခြင်း

## 1.4 အသည်းရောင်ရောဂါ (စီ) သည် ဘာကို လုပ်ပါ သလဲ။

- အသည်းရောင်ရောဂါ (စီ) ရှိသူ အယောက် 100 တွင်
  - လေးယောက်လျှင် တစ်ယောက်မှာ ပထမ 12 လ အတွင်း ဗိုင်းရပ်စ်ကို သဘာဝ အတိုင်း ရှင်းပစ်လိုက်ပါလိမ့်မည်
  - ကျန်ရှိသည့် 75% မှာ ၎င်းတို့၏ ကိုယ်ခန္ဓာ ထဲတွင် ဗိုင်းရပ်စ်ပိုး ဆက်လက်ရှိနေ သော်လည်း မည်သည့် ထင်ရှားသည့် လက္ခဏာမျှ ကြုံတွေ့နိုင်မည် မဟုတ်ပါ။

- ဆေးဝါးကုသမှုမရှိပဲ၊ ၄င်းတို့အနက် အယောက် 30 ခန့်မှာ ကူးစက်ခံ ရပြီးနောက် 10 နှစ်မှ 15 နှစ်အကြားတွင် ရောဂါလက္ခဏာများ ဖြစ်လာပြီး ၄င်းလက္ခဏာကို သတိပြုမိလာပါလိမ့်မည်။
- နှစ် 20 ကြာပြီးနောက် 10 ဦးခန့်မှာ ဆေးဂါးမကုသပဲ ပြင်းထန်သည့် အသည်းရောဂါ ဖြစ်လာပါလိမ့်မည်။ ၄င်းတို့အနက် ငါးဦးမှာ အသည်းလုပ်ကိုင်မှု ပျက်သုဉ်းခြင်း သို့မဟုတ် အသည်းကင်ဆာ ဖြစ်လာပါလိမ့်မည်။

လူအများအပြားသည် အသည်းရောင်ရောဂါ (စီ) ၏ ရောဂါလက္ခဏာများ မရကြပါ။ အကယ်၍ တစ်စုံတစ်ယောက်က ရောဂါလက္ခဏာများ ရရှိလျှင် အဖြစ်အများဆုံး လက္ခဏာများမှာ မောပန်းခြင်း (ပင်ပန်းခြင်း)၊ အော့အန်ချင်သလိုဖြစ်ခြင်းနှင့် ဝမ်းဗိုက်နာခြင်းတို့ဖြစ်ပါသည်။

## 1.5 အသည်းရောင်ရောဂါ (စီ) ကို စစ်ဆေးခြင်း

•

သင့်အနေဖြင့် အသည်းရောင်ရောဂါ (စီ) စစ်ဆေးခြင်းကို စဉ်းစားသင့်သည် အကယ်၍-

- သင့်တွင် သွေးသွင်းခဲ့ဖူးလျှင်၊ ကာကွယ်ဆေး ထိုးခဲ့ဖူးလျှင် သို့မဟုတ် အခြား နိုင်ငံ တစ်ခုတွင် ဆေးဖက်ဆိုင်ရာ ကုထုံးလုပ်ခဲ့ဖူးပြီး ၄င်းတို့မှာ ပိုးသတ်ထားခြင်းရှိမရှိ သင် မသေချာလျှင်
- သင့်တွင် မိရိုးဖလာ ဆေးဖက်ဆိုင်ရာ လုပ်ရပ်တစ်ခု ရှိခဲ့ဖူးလျှင်၊ ဆေးမှင်ထိုးခဲ့ဖူးလျှင် သို့မဟုတ် ကိုယ်ခန္ဓာအလှဆင်ထိုးဖောက်ခံခဲ့ဖူးလျှင် ဖြစ်ပြီး ၄င်းတို့မှာ ပိုးသတ်ထားခြင်းရှိမရှိ သင် မသေချာလျှင်
- သင် ဆေးဝါးကို ထိုးသွင်းခဲ့ဖူးလျှင် သို့မဟုတ် ဆေးထိုးအပ်ကိရိယာများကို ဝေမျှသုံးစွဲခဲ့ဖူးလျှင် သို့မဟုတ် (စတီးရွိုက် အပါအဝင်) ဆေးဝါးများကို ထိုးသွင်းရန် တစ်စုံတစ်ယောက်အား ကူညီခဲ့ဖူးလျှင်
- သင်သည် အကျဉ်းထောင်တွင် နေခဲ့ဖူးပြီး စတီးရွိုက်အပါအဝင် ဆေးဝါးများ ထိုးသွင်းခဲ့ဖူးလျှင် သို့မဟုတ် ဆေးထိုးအပ်ကိရိယာများကို ဝေမျှသုံးစွဲခဲ့ဖူးလျှင် သို့မဟုတ် ဆေးမှင်ထိုး ခဲ့ဖူးလျှင် သို့မဟုတ် ကိုယ်ခန္ဓာအလှဆင် ထိုးဖောက်ခဲ့ဖူးလျှင်၊ မုတ်ဆိတ်ရိတ်ဓါး သို့မဟုတ် သွားတိုက်သွားပွတ်တံ ကို အတူဝေမျှသုံးစွဲခဲ့ဖူးလျှင်
- သင်သည် သင့် ဆေးမှင်ထိုးခြင်း သို့မဟုတ် ကိုယ်ခန္ဓာအလှဆင်ထိုးဖောက်ခြင်းကို ပိုးသတ်ထားသောကိရိယာဖြင့်လုပ်မလုပ် မသေချာလျှင်
- သင့်တွင် 1990 ခုနှစ် ဖေဖော်ဝါရီလ မတိုင်မီ ဩစတြေးလျနိုင်ငံ၌ သွေးသွင်းခဲ့ဖူးလျှင် တို့ဖြစ်ပါသည်။

သင့်တွင် အသည်းရောင်ရောဂါ (စီ) ရှိမရှိ သိရှိရန် တစ်ခုတည်းသောနည်းလမ်းမှာ သွေးစစ်ဆေးမှု လုပ်ရန်ဖြစ်ပါသည်။ သင်သည် သင့်အတွက် ဤစစ်ဆေးမှုကို လုပ်ပေးရန် သင့် ဆရာဝန်အား တောင်းဆိုနိုင်ပါသည်။

သင့်အတွက် သီးခြားလုံခြုံခြင်းရရှိမည့် အခွင့်အရေးကို လေးစားမည်ဖြစ်သည့် စကားပြန်တစ်ဦး ကို သင် တောင်းဆိုနိုင်ပါသည်။

လိင်ပိုင်းဆိုင်ရာ ကျန်းမာရေး ဆေးခန်း အချို့သည် အခမဲ့ဖြစ်ပြီး နတ်လုံစွာလုပ်ပေးသည့် အသည်းရောင်ရောဂါ (စီ) စစ်ဆေးမှုကို ဆောင်ရွက်ပေးပါသည်။ လိင်ပိုင်းဆိုင်ရာ ကျန်းမာရေး ဆေးခန်းသို့ သွားရောက်ရန် သင့်တွင် မဲဒီကယ်ကတ်ပြား ရှိရန်မလိုအပ်ပါ။

## 1.6 အသည်းရောင်ရောဂါ (စီ) နှင့် ကိုယ်ရေးကိုယ်တာ ကျန်းမာရေး

အကယ်၍ သင့်တွင် အသည်းရောင်ရောဂါ (စီ) ရှိလျှင် ပုံမှန် စစ်ဆေးမှုများ လုပ်ရန်အတွက် ဆရာဝန်နှင့်တွေ့ရန်နှင့် တတ်နိုင်သမျှ ကျန်းမာအောင် ကြိုးစားနေရန် အရေးကြီးပါသည်။

သင့် ပြည်နယ် သို့မဟုတ် အုပ်ချုပ်ခံနယ်မြေ ရှိ အသည်းရောင်ရောဂါ အဖွဲ့အစည်းသည် အသည်းရောင်ရောဂါနှင့်အတူနေထိုင်ခြင်းနှင့်ပတ်သက်၍ ပံပိုးပေးမှုနှင့် သတင်းအချက်အလက်များကို သင့်အား ပိုမိုပေးအပ်နိုင်ပါသည်။

## 1.7 အသည်းရောင်ရောဂါ (စီ) အတွက် ကုသမှု

အသည်းရောင်ရောဂါ (စီ) ကိုကုသရန် အတွက် ကုသမှုအသစ်များကို ရရှိနိုင်ပါသည်။

ကုသမှုအသစ်များတွင် အသည်းရောင်ရောဂါ (စီ) ကို ပျောက်ကင်းရန် အခွင့်အလမ်း 90-95% ရှိသည် သာမကပဲ ကုသပေးမည့်အချိန် အတိုင်းအတာမှာလည်း ယခင်ထက် များစွာတိုတောင်းပါသည်။

၄င်းတို့ကို အထွေထွေရောဂါကု ဆရာဝန်များ (GPs) နှင့် အထူးကုဆရာဝန်များလည်း ဆေးညွှန်းစာ ရေးပေးနိုင်ပါသည်၊ ၄င်းသည် လူများအတွက် ကုသမှုခံယူရန် ပိုမိုလွယ်ကူပါသည်။

ကုသမှုအသစ်များကို direct-acting antivirals သို့မဟုတ် DAAs ဟုခေါ်တွင်ပြီး ဆေးပြားများအဖြစ် သောက်သုံးရသည်။ အချို့ကိစ္စများ၌ Ribavirin နှင့် Pegylated Interferon ဟုခေါ်သော အခြား ဆေးဝါးများကို ဆေးကုသမှုတွင် ထည့်သွင်းကောင်း ထည့်သွင်းနိုင်သည်။ Pegylated Interferon ကို ထိုးဆေးအဖြစ် ထိုးပေးသည်။

ကုသမှုသည် ရက်သတ္တပတ် 8 - 24 ပတ်အကြား ကြာမည်ဖြစ်ပြီး အသည်းရောင်ရောဂါ (စီ) နှင့်နေထိုင်သော လူများအားလုံးကို ဤကုသမှုခံယူရန် တိုက်တွန်းပါသည်။

## 1.8 လူမှုအသိုင်းအဝိုင်းအတွင်း အသည်းရောင်ရောဂါ (စီ) ကို တားဆီးခြင်း

ကမ္ဘာတစ်ဝန်းတွင် အသည်းရောင်ရောဂါ (စီ) ဗိုင်းရပ်စ် ကူးစက်ခြင်းကို အောက်ပါတို့ဖြင့် တားဆီးပါသည်-

- သွေးလှူသည့်သွေးများကို စစ်ဆေးခြင်း။
- ပိုးသတ်ထားသည့် ဆေးထိုးအပ်ကိရိယာ ပေးအပ်ခြင်းနှင့် ဆေးဝါးများထိုးသည့်လူများအား ပညာပေးခြင်း (အန္တရာယ်လျှော့ပါးရေး)။
- ပိုးသတ်ထားသည့် ဆေးဖက်ဆိုင်ရာကုထုံးများနှင့် ရိုးရာ ဆေးကုထုံးများ။
- ပိုးသတ်ထားသည့် ဆေးမှင်ထိုးခြင်းနှင့် ကိုယ်ခန္ဓာအလှဆင်ဖောက်မှုများ။

ဆေးထိုးအပ်နှင့် ဆေးထိုးပြွန် အစီအစဉ်များ (NSP) သည် ဩစတြေးလျနိုင်ငံနှင့် ကမ္ဘာတစ်ဝန်းရှိ ဆေးဝါးထိုးသွင်းအသုံးပြုမှု ထိခိုက်မှုကို လျှော့ကျစေရန် အထောက်အကူပေးသည်။

သက်သေအထောက်အထားများကပြဆိုထားသည်မှာ ဩစတြေးလျနိုင်ငံရှိ NSPs သည် အသည်းရောင်ရောဂါ (စီ) ကူးစက်မှုများကို တားဆီးရာ၌ အောင်မြင်နေလျက် ရှိပါသည်။ ၄င်းသည် ဤရောဂါကြောင့် ဖြစ်ပွားသည့် ကိုယ်ရေးကိုယ်တာ၊ မိသားစုနှင့်လူမှုအသိုင်းအဝိုင်း သက်ရောက်မှုကို လျှော့ချပေးခဲ့ပြီး လူမှုအသိုင်းအဝိုင်း အား ငွေဒေါ်လာ ဘီလီယံနှင့်ချီ၍ သက်သာစေခဲ့ ပါသည်။*

## 1.9 ပံ့ပိုးမှုနှင့် နားလည်မှု

အသည်းရောင်ရောဂါ (စီ) သည် စိတ်ပိုင်းဆိုင်ရာ အမည်းစက်ရှိခြင်းနှင့် နားလည်မှုလွဲမှားခြင်းကို သယ်ဆောင်နိုင်ပါသည်။ ၄င်းသည် လူများအား ရှက်ကြောက်ရွံ့ရှာမှုနှင့် အထီးကျန်မှုကို ဖြစ်ပွားနိုင်သည်။ ပံ့ပိုးမှုနှင့်နားလည်မှုသည် ကျွန်ုပ်တို့၏ မိသားစုများ၊ မိတ်ဆွေများနှင့် လူမှုအသိုင်းအဝိုင်း တို့အတွက် အသည်းရောင်ရောဂါရှိခြင်းနှင့်ပတ်သက်ပြီး သက်သာမှုကို လုပ်ပေးနိုင်ပါသည်။

အသည်းရောင်ရောဂါ (စီ) ရှိသောလူများအတွက် အကြီးမားဆုံး ပြဿနာများအနက် တစ်ခုမှာ မည်သူ့အား ပြောပြရန်ဖြစ်သည် (ထုတ်ဖော်မှု)။ အကယ်၍ တစ်စုံတစ်ယောက်သည် သင့်အား သူတို့တွင် အသည်းရောင်ရောဂါ (စီ) ရှိကြောင်း ပြောပြလျှင် သင်သည် ၄င်းသူတို့က သင့်အား ခွင့်ပြုချက်မပေးလျှင် မည်သူ့ကိုမျှ ပြန်မပြောပြသင့်ပါ။ လူတစ်ဦးတစ်ယောက်၏ ယုံကြည်မှုကို ဖောက်ဖျက်ခြင်းသည် ၄င်းလူတို့အပေါ် ကြီးမားသည့် ကိုယ်ရေးကိုယ်တာ စိတ်ဖိစီးမှုကို ဖြစ်ပွားစေနိုင် ပါသည်။

ဩစတြေးလျနိုင်ငံတွင် တစ်စုံတစ်ယောက်အပေါ် အသည်းရောင်ရောဂါ ရှိခြင်းကြောင့် ခွဲခြားဆက်ဆံခြင်းသည် ဥပဒေနှင့်ဆန့်ကျင်ပါသည်။ အကယ်၍ သင့်တွင် အသည်းရောင်ရောဂါ (စီ) ရှိလျှင် သင့်အနေဖြင့် အသက်အာမခံ လျှောက်ရန် သို့မဟုတ် သွေးလှူရန် တို့မှတစ်ပါး မည်သူ့ကိုမျှ သင် ပြောပြရန် မလိုပါ။ ကျန်းမာရေး ဝန်ဆောင်မှု ဝန်ထမ်းများသည် သင့် ခွင့်ပြုချက်မရှိပဲ သင့် ကိုယ်ရေးအသေးစိတ် အချက်အလက်များကို ထပ်ဆင့်မဖြန့်ချိနိုင်ပါ။

သင့် ပြည်နယ် သို့မဟုတ် အုပ်ချုပ်ခံနယ်မြေတွင်းရှိ အသည်းရောင်ရောဂါ အဖွဲ့အစည်းသည် အချက်အလက် ထုတ်ဖော်မှု၊ ခွဲခြားဆက်ဆံမှုနှင့် အလုပ်အကိုင် တို့နှင့်ပတ်သက်သည့် နတ်လုံမှုရှိသောအချက်အလက်များနှင့်ပံ့ပိုးမှုများကို သင့်အား ပေးကမ်းနိုင်ပါသည်။

## 1.10 ပိုမိုသိရှိရန် အချက်အလက်များ

အကယ်၍ သင်သည် သင့်လူမှုအသိုင်းအဝိုင်း ဘာသာစကားဖြင့် ဤဝန်ဆောင်မှုဌာန တစ်ခုခုနှင့် စကားပြောဆိုလိုလျှင် သင်သည် ဘာသာပြန်နှင့် စကားပြန် ဝန်ဆောင်မှုဌာန [Translating and Interpreting Service (TIS)] ကို (မြို့တွင်းဖုန်းခေါ်ခဖြင့်) ဖုန်း 131 450 ဖြင့်ခေါ်နိုင်သည်။ စကားပြန်တစ်ဦးကို တောင်းခံပါ၊ စကားပြန် ဖုန်းလိုင်းသို့ ရောက်ရှိလာသည့်အခါ သင် ခေါ်လိုသည့်ဖုန်းနံပါတ်ကို ခေါ်ပေးရန် တောင်းပါ။ ယင်းနောက် သင်သည် စကားပြန်မှတစ်ဆင့် သင် လိုအပ်သည့် ဝန်ဆောင်မှုဌာနနှင့် စကားပြောဆို နိုင်ပါလိမ့်မည်။

**ကျန်းမာရေးနှင့် သက်ကြီးရွယ်အိုဆိုင်ရာ ဓနသဟာရ ဌာန- ဩစတြေးလျနိုင်ငံရှိ ဆေးထိုးအပ်နှင့် ဆေးထိုးပြွန် အစီအစဉ်များတွင် ရင်းနှီးမြှုပ်နှံမှုအပေါ် အကျိုးဖြစ်မှု။ ကင်ဘာရာ 2002 ခုနှစ်*